## (၄) ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ရဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်တွေကို စုပေါင်းအကောင်အထည်ဖော်ဖို့ ပါဝင်တဲ့ အစုအဖွဲ့များမှာ ဘယ်လိုအစုအဖွဲ့တွေ ပါဝင်သလဲ။

ပူးပေါင်းပါဝင်တဲ့ အစုအဖွဲ့များရဲ့သက်ဆိုင်ရာ နယ်ပယ် (၅) ခုရှိပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ
၂။ နိုင်ငံရေးပါတီများ
၃။ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်လူထုအဖွဲ့အစည်းများ၊ အာဏာရှင်စနစ် ဆန့်ကျင်ရေး CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ
၄။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ
၅။ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကိုယ်စားပြုနှင့် လူမျိုးအခြေပြု အဖွဲ့အစည်း/ကောင်စီများ

## (၅) ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်က ပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးလမ်းပြမြေပုံမှာ ဘယ်လိုလုပ်ငန်းစဉ်တွေ ပါဝင်သလဲ။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်က ပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးလမ်းပြမြေပုံမှာ လုပ်ငန်းစဉ် (၁၂) ခု ပါဝင်ပါတယ်။ ပထမ လုပ်ငန်းစဉ်က လူထုအထွေထွေသပိတ်လှုပ်ရှားမှုများကို အဆက်မပြတ် ဆက်လက်လှုပ်ရှားဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း၊ ဒုတိယ လုပ်ငန်းစဉ်က လွှတ်တော်ကိုယ်စားပြု ကော်မတီများဖွဲ့စည်း၍ ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်ခြင်း၊ တတိယ လုပ်ငန်းစဉ်က နိုင်ငံရေးနဲ့ တော်လှန်ရေးအင်အားစုများ လက်တွဲဆောင်ရွက်နိုင်တဲ့ အခင်းအကျင်း ဖော်ဆောင်ခြင်း စတာတွေ ပါဝင်ပါတယ်။

**လုပ်ငန်းစဉ် အမှတ် (၄)** က ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို ရေးဆွဲအတည်ပြုခြင်း၊ လုပ်ငန်းစဉ် အမှတ် (၅) က ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းခြင်း၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေး မဏ္ဍိုင်ဆိုင်ရာ အဖွဲ့အစည်းများကိုဖွဲ့စည်းခြင်း၊ လုပ်ငန်းစဉ် အမှတ် (၆) က ဘုံပန်းတိုင်တူ အင်အားစုအားလုံးပါဝင်သော ပြည်သူ့ညီလာခံတရပ် ခေါ်ယူကျင်းပခြင်း၊ အမှတ် (၇) ကတော့ မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတာတွေ ပါဝင်ပါတယ်။

**လုပ်ငန်းစဉ် အမှတ် (၈)** က အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းဖြစ်ပြီး၊ လုပ်ငန်းစဉ် အမှတ် (၉)ကတော့ အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်းဖြစ်ပါတယ်။ လုပ်ငန်းစဉ် အမှတ် (၁၀) က တိုင်းပြုပြည်ပြု ညီလာခံခေါ်ယူကျင်းပပြီး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်းဖြစ်ပြီး၊ လုပ်ငန်းစဉ် အမှတ် (၁၁) ကတော့ ဒီအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲကျင်းပခြင်းဖြစ်ပါတယ်။

**လုပ်ငန်းစဉ်အမှတ် (၁၂)** ကတော့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး မဏ္ဍိုင်များ ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်အရ လိုက်နာကျင့်သုံးခြင်းဖြစ်ပါတယ်။

## (၆) အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲမှုမှာ အခြေခံဖို့ ပဋိညာဉ်မှာ ပါဝင်တဲ့ ပြည်ထောင်စု မျှော်ရည်ချက်နဲ့ စံတန်ဖိုး ဆိုတာ ဘာတွေလဲ။

ပြည်ထောင်စုမျှော်ရည်ချက်က "လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်မည်" ဖြစ်ပါတယ်။ ပြည်ထောင်စု စံတန်ဖိုးအဖြစ် အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လူနည်းစုအခွင့်အရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ စုပေါင်းခေါင်းဆောင်မှု၊ စုံလင်ကွဲပြားမှုကို အပြန်အလှန် လေးစားအသိအမှတ်ပြုခြင်း၊ သဟဇာတဖြစ်ခြင်းနှင့် မတူကွဲပြားမှုကို လက်ခံသောညီညွတ်ခြင်း၊ ဂျန်ဒါတန်းတူရေး၊ ခွဲခြားဆက်ဆံမှု မပြုခြင်း (လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကျား/မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှု) စတဲ့ စံတန်ဖိုး (၉) ခု ပါဝင်ပါတယ်။

## (၇) အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲမှုမှာ အခြေခံဖို့ ပဋိညာဉ်မှာ ပါဝင်တဲ့ လမ်းညွှန်အခြေခံမှုများက ဘာတွေလဲ။

လမ်းညွှန်အခြေခံမှု (၅) ခုပါဝင်ပါတယ်။ ပထမလမ်းညွှန်မှုကတော့ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူများက အချုပ်အခြာအာဏာရဲ့ မူရင်းပိုင်ရှင်များဖြစ်မှု၊ ဒုတိယ လမ်းညွှန်မှုကတော့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းမှု၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) တို့ရဲ့ နိုင်ငံရေးအရ တန်းတူမှု၊ တတိယမှုကတော့ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များရဲ့ သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့် တို့ကို ဖော်ပြထားပါတယ်။

စတုတ္ထလမ်းညွှန်မှုက အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှုနဲ့ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ကျင့်သုံးမှုကို ဖော်ပြထားပြီး၊ ဒီလို ခွဲဝေရာမှာ ပြည်သူလူထုနဲ့ အနီးကပ်ဆုံး အစိုးရအဆင့်က လုပ်ဆောင်နိုင်တဲ့အထိ လုပ်ပိုင်ခွင့်ပြုသောစနစ်ကို ကျင့်သုံးဖို့ လမ်းညွှန်ထားပါတယ်။ ပဉ္စမလမ်းညွှန်မှုကတော့ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ တပ်ဖွဲ့များအားလုံးဟာ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရရဲ့ ကွပ်ကဲမှုနဲ့ စီမံအုပ်ချုပ်မှုအောက်မှာ ရှိရမည့် အချက်နဲ့ လူသားလုံခြုံရေးကို အခြေခံသည့် မူဝါဒ ကျင့်သုံးရေးတို့ကို ဖော်ပြထားပါတယ်။

## (၈) အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲမှုမှာ အခြေခံဖို့ ပဋိညာဉ်မှာ ပါဝင်တဲ့ အခြေခံမူဝါဒများက ဘာတွေလဲ။

အခြေခံမူဝါဒများကို ပြည်ထောင်စု၏ အသွင်သဏ္ဌာန်၊ ပြည်ထောင်စု အချုပ်အခြာအာဏာ၊ ပြည်ထောင်စု ဥပဒေပြုရေး၊ ပြည်ထောင်စုအုပ်ချုပ်ရေး၊ ပြည်ထောင်စုတရားစီရင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွတ်လပ်သော ကော်မရှင်များ၊ နိုင်ငံရေးနှင့်ဘာသာရေး၊ ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ်၊ မြေနှင့်သဘာဝသယံဇာတ၊ အခြေခံအခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ အထူးစီမံဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေးများ၊ တန်းတူအခွင့်အရေးဖော်ဆောင်ခြင်း၊ ဖက်ဒရယ် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အခြေခံမှု၊ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးစနစ်၊ စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း၊ အစိုးရအချင်းချင်းအကြား ဆက်ဆံရေး ဆိုတဲ့ ခေါင်းစဉ်များခွဲပြီး အခြေခံမူဝါဒ (၆၄) ချက်ကို ပြဋ္ဌာန်းထားပါတယ်။

ပဋိညာဉ်ကို ဘာသာစကားပေါင်းစုံဖြင့် ဖတ်ရှုရန်




contact@nucc-federal.org
http://nucc-federal.org/

NUCC National Unity Consultative Council

# ပြည်ထောင်စု မျှော်ရည်ချက် အစိတ်အပိုင်း (၁)

လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်မည်။ (ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၁) - ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ကြေညာစာတမ်း)

# ပြည်ထောင်စုစံတန်ဖိုး

ပြည်ထောင်စုကြီးကိုတည်ဆောက်ရန်အတွက် အောက်ပါတို့ကို စံတန်ဖိုးအဖြစ် ယုံကြည်လက်ခံသည်။

၁။ အခြေခံလူ့အခွင့်အရေး (Fundamental Human Rights)
၂။ ဒီမိုကရေစီအခွင့်အရေး (Democratic Rights)
၃။ လူနည်းစုအခွင့်အရေး (Minority Rights)
၄။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Equality and Self-Determination)
၅။ စုပေါင်းခေါင်းဆောင်မှု (Collective Leadership)
၆။ စုံလင်ကွဲပြားမှုကို အပြန်အလှန်လေးစား အသိအမှတ်ပြုခြင်း (Pluralism, Mutual Respect and Mutual Recognition)
၇။ သဟဇာတဖြစ်ခြင်းနှင့် မတူကွဲပြားမှုကို လက်ခံသော ညီညွတ်ခြင်း (Unity in Diversity)
၈။ ဂျန်ဒါ တန်းတူရေး (Gender Equality)
၉။ ခွဲခြားဆက်ဆံမှုမရှိခြင်း (လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကျား/မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှု) (Non-Discrimination) (ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) - ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြေညာစာတမ်း)

# အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ

၁။ စစ်အာဏာသိမ်းမှု အဆုံးသတ်နိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရေးအတွက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပြုတ်ကျသည်အထိ ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများ အပါအဝင် လူထုအထွေထွေသပိတ်လှုပ်ရှားမှုများကို အဆက်မပြတ် ဆက်လက်လှုပ်ရှား ဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း။
၂။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်း၍ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း။
၃။ နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့်

ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ နှင့် သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်လူထုအဖွဲ့အစည်းများ လက်တွဲဆောင်ရွက်နိုင်သည့် အခင်းအကျင်း ဖော်ဆောင်ခြင်း။

၄။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ရေးဆွဲအတည်ပြုခြင်း။

၅။ ဤပဋိညာဉ်နှင့်အညီ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ (Interim National Unity Government) ဖွဲ့စည်းခြင်း၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း။

၆။ အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေး နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံးပါဝင်သော ပြည်သူ့ညီလာခံတစ်ရပ် ခေါ်ယူကျင်းပခြင်း။

၇။ အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၈။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း။

၉။ အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်း။

၁၀။ တိုင်းပြုပြည်ပြုညီလာခံ (Constitutional Assembly) ခေါ်ယူကျင်းပပြီး ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း။

၁၁။ တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲကျင်းပခြင်း။

၁၂။ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေစနစ် (Constitutionalism) အရ လိုက်နာကျင့်သုံးခြင်း။ (ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ် အပိုင်း (၁) - ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြေညာစာတမ်း)




## ပြည်သူ့ညီလာခံ

အစိတ်အပိုင်း (၂)

အာဏာရှင်စနစ်အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတည်ဆောက်ရေး အတွက် ဖက်ဒရယ်ဒီမိုကရေစီအင်အားစုများ စုပေါင်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် အာဏာရှင်စနစ်တိုက်ဖျက်ရေး ဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ မဟာဗျူဟာများနှင့် အသွင် ကူးပြောင်းမှုဆိုင်ရာ အစီအမံများ ညှိနှိုင်းဆွေးနွေး အတည်ပြု ဆောင်ရွက်ရန် ဤပြည်သူ့ညီလာခံကို ကျင်းပခြင်းဖြစ်သည်။ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂)၊ ပုဒ်မ (၇)

## အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှ ဦးဆောင်ရေးဆွဲထားသော မဟာဗျူဟာများနှင့်အညီ အမျိုးသားညီညွတ်ရေးအစိုးရက မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂)၊ ပုဒ်မ (၂၂)

## ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ဖက်ဒရယ် ပြည်ထောင်စု၏ ကြားကာလ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်" ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ နိုင်ငံရေးလမ်းပြမြေပုံတို့နှင့်အညီ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ချမှတ်ထားသော မူဝါဒနှင့်မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းပေးရမည်။ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်အစိတ်အပိုင်း (၂)၊ ပုဒ်မ (၃၀)

## အမျိုးသားညီညွတ်ရေး အစိုးရ

ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် ကြားကာလ အမျိုးသား ညီညွတ်ရေး အစိုးရကို ဖွဲ့စည်းရာတွင်အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ ညှိနှိုင်းသဘော တူညီချက်ဖြင့် ဖွဲ့စည်းရမည်။ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂)၊ ပုဒ်မ (၃၅)

## ကြားကာလ တရားစီရင်ရေး

ကြားကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စု၏ တရားစီရင်မှုအာဏာသည် "အမျိုးသား ညီညွတ်ရေးအစိုးရ" က အသိအမှတ်ပြုထားသော အရပ်ဘက် တရားရုံးများတွင် လည်းကောင်း၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေများအတွင်း ဖွဲ့စည်း တည်ရှိထားရှိသည့် အဆင့်ဆင့်သော အရပ်ဘက် တရားစီရင်ရေးစနစ်တွင်လည်းကောင်း တည်ရှိရမည်။ တရားစီရင်ရေးအာဏာကို အဆိုပါ တရားရုံးများနှင့် တရားရေး စနစ်များတွင် ကျင့်သုံးပိုင်ခွင့်ရှိပြီး လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် ဖြစ်ရမည်။ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂)၊ ပုဒ်မ (၄၇)




## ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ဆိုင်ရာ သိကောင်းစရာများ

### (၁) ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ဆိုတာ ဘာလဲ။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ဆိုတာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့တဲ့ ပြည်သူလူထု ကိုယ်စားပြုမှုရှိသော အဖွဲ့အစည်းများက ဦးဆောင်ပြီး၊ နိုင်ငံရေးလမ်းပြမြေပုံနဲ့ အညီ တိုင်းပြည်ပြန်လည် တည်ငြိမ်အေးချမ်းသာယာစေရန်၊ ပုံမှန်ကောင်းမွန်သော အနာဂတ်တိုင်းပြည်အတွက် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခု ပေါ်ထွက်လာရန်နှင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် စစ်မှန်သော အရပ်သားအစိုးရများ ပေါ်ထွက်လာရန်အတွက် ဒီပဋိညာဉ်စာတမ်းကို ကတိကဝတ်ပြုတဲ့ အဖွဲ့အစည်းများက အတူတကွ စုပေါင်းသန္နိဋ္ဌာန်ပြုပြီး ဆောင်ရွက်ရန် ရည်ရွယ်ချက်နဲ့ ပေါ်ပေါက်လာခဲ့တဲ့ ကြေညာစာတမ်းဖြစ်ပါတယ်။ ၂၀၂၁ခုနှစ်၊ မတ်လ (၃၁) ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပြီး၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပခဲ့တဲ့ ပထမအကြိမ်ပြည်သူ့ ညီလာခံမှာ ပြင်ဆင်ဖြည့်စွက်ချက်များနဲ့ အတည်ပြုခဲ့တဲ့ ပဋိညာဉ်စာတမ်း ဖြစ်ပါတယ်။

### (၂) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်မှာ ဘယ်လိုအစိတ်အပိုင်းတွေ ပါဝင်သလဲ။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်မှာ အစိတ်အပိုင်းနှစ်ခု ပါဝင်ပါတယ်။ အစိတ်အပိုင်း (၁) က ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ကြေညာစာတမ်းဖြစ်ပါတယ်။ အစိတ်အပိုင်း (၂) ကတော့ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံ ဖြစ်ပါတယ်။ အစိတ်အပိုင်း (၁) မှာ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ရဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်များ၊ ပါဝင်သည့် အဖွဲ့အစည်းများ၊ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းနဲ့ ဝန်ခံကတိပြုချက်များ ပါဝင်ပါတယ်။ အစိတ်အပိုင်း (၂) မှာတော့ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံ၏ ရည်ရွယ်ချက်၊ ပြည်သူ့ညီလာခံ၊ အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၊ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ၊ ကြားကာလ ဥပဒေပြုရေး၊ ကြားကာလ အုပ်ချုပ်ရေး၊ ကြားကာလ တရားစီရင်ရေး၊ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး၊ အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှုအစီအမံများ၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ အထွေထွေပြဋ္ဌာန်းချက်များနဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ ပါဝင်ပါတယ်။

### (၃) ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ရဲ့ အဓိက ဦးတည်ချက်က ဘာလဲ? အဓိက ဦးတည်ချက် လေးခု ရှိပါတယ်။

၁။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေး
၂။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ်ဖျက်သိမ်းရေး
၃။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး
၄။ အရပ်သားပြည်သူ့အစိုးရ ပေါ်ထွန်းရေး